Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



network for democracy & development

**Network for Democracy and Development**
**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (032/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၃၂/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့မှ စက်တင်ဘာလ (၄) ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကော်စီ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒု–ဗိုလ်ချုပ်မှူးကြီး မောင်အေးတို့သည် စစ်ဘက်ဆိုင်ရာရာထူးမှ အနားယူလိုက်ပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်ခဲ့မှုသည် မမှန်ကန်ကြောင်း နေပြည်တော်ကာကွယ်ရေးဝန်ကြီးဌာနမှ ထိပ်တန်းအရာရှိတစ်ဦးကပြောသည်။ **(RFA 290810)** **Read More…**
- ပဲခူးတိုင်း အနောက်ပိုင်း၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့တွင် နအဖ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အတွက် တရားဝင်မဲဆွယ်စည်းရုံးနေပြီး ဦးဉာဏ်ဝင်း ပုံပါသည့် "တခဲနက်ထောက်ခံမဲပေးကြပါစို့" လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်ဟု မြို့ခံတစ်ဦးကပြောသည်။ **(Irrawaddy 300810)** **Read More…**
- နအဖ စစ်အစိုးရ ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ၈၀၀ ကျော်တို့၏ အမည်စရင်းကို တင်သွင်းလိုက်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ (တစည) သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ အဓိက ပြိုင်ဘက်ပါတီဖြစ်လာသည်ဟု (တစည) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦး ဖြစ်သူ ဦးချစ်လှိုင်က ပြောသည်။ **(Irrawaddy 300810)** **Read More…**
- ပြည်နယ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဆရာဝန်ဒေါက်တာစိုင်းခမ်းလှိုင်သည် သျှမ်းပြည်တောင်ပိုင်း ကွန်ဟိန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် ဩဂုတ်လ ၂၄ ရက်နေ့က လျှောက်လွှာတင်ခဲ့သည်ဟု ဒေါက်တာစိုင်းခမ်းလှိုင်နှင့်နီးစပ်သူတစ်ဦးကပြောသည်။ **(S.H.A.N 300810)** **Read More…**
- စွယ်စုံမီဒီယာ **Group** ပိုင်ရှင် ဒေါက်တာတင်ထွန်းဦးသည် **USDP** အတွက် ပုဇွန်တောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး စာနယ်ဇင်း ဥက္ကဋ္ဌ တက္ကသိုလ်တင်ခက ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်၊ ဗဟိုအလုပ်အမှုဆောင် ဦးအောင်ငြိမ်းက မကွေးတိုင်း ရေနံချောင်းမြို့နယ်နှင့် ဦးလှထွန်းက ရန်ကုန်တိုင်း ပန်းပဲတန်း မြို့နယ်တို့မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ်လောင်းများအဖြစ် အရွေးခံကြမည်ဖြစ် ကြောင်း သိရသည်။ **(NEJ 300810)** **Read More …**, **Irrawaddy**
- ရွေးကောက်ပွဲအပြီး အစိုးရသစ်တက်လာပါက ရဲတပ်ဖွဲ့ကို ဖွဲ့စည်းပုံအသစ်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ဩဂုတ်လ ၂၇ ရက်နေ့က နေပြည်တော်တွင် ပြုလုပ်ခဲ့သော ရွေးကောက်ပွဲဆိုင်ရာ အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီး

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဌာနမှ ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံအသစ်ဖွဲ့ရန် ခွင့်ပြုလိုက်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ဘက်ဆိုင်ရာအရာရှိ တစ်ဦးက ပြောသည်။ **(Irrawaddy 310810)** Read More…

- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က ရွေးကောက်ပွဲကော်မရှင်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းအများဆုံး တင်သွင်းနိုင်မည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် **USDP** ကသာ အနိုင်ရသွားမည်ဟု ရွေးကောက်ပွဲဝင်မည့်ပါတီများမှ ခေါင်းဆောင်များက သုံး သပ်နေကြသည်။ **(Mizzima 310810)** Read More…
- စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲသည် အချိန်နှစ်လလောက်သာကျန်တော့သည်ဖြစ်ရာ ကရင်ပြည်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်များအနေဖြင့် ရွေးကောက်ပွဲနှင့် ပတ်သက်သည့် ပညာပေးမှုမျိုး လုပ်ဆောင်ပေးခြင်းမရှိသောကြောင့် လူထုအနေဖြင့် မည်သို့မည်ပုံမဲထည့်ရမည်ကို မသိနားမလည် ဖြစ်နေသည်ဟု ဒေသခံပြည်သူများနှင့် မြို့နယ်ကော်မရှင်များက ပြောသည်။ **(KIC 310810)** Read More …
- ၂၀၁၀ ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးပါတီ **USDP** အနိုင်ရရေးအတွက် လားရှိုးကြီး 'ယူလီခ' ဆေးခန်းပိုင်ရှင် ဒေါက်တာစိုင်းမောက်ခမ်းက လားရှိုးမြို့နယ်အတွင်း စည်းရုံးရေးဆင်းရာတွင် **USDP** ကို မထောက်ခံပါက ထ နှစ်လုံးဘဝ ('ထ' တလုံးက ထောင်၊ နောက် 'ထ' တလုံးက သျှမ်းဘာသ ထိနိင် အဓိပ္ပါယ်က တော) ရောက်သွားနိုင်ကြောင်းပြော ဆိုခြိမ်းခြောက်ခဲ့သည်ဟု ဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 010910)** Read More…
- လာမည့်ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အကြောင်းအရာများကို ပြောဆိုဆွေးနွေးခြင်း၊ စာရွက်စာတမ်းများ မိတ္တူကူးခြင်း၊ အင်တာနက်မှတဆင့် ဖြန့်ဝေခြင်း၊ ဖုန်းမှတဆင့် ပြောဆိုခြင်းများကို လုပ်ငန်းခွင်အတွင်းတွင် လုံးဝမပြုလုပ်ရန် ရန်ကုန်ရှိ ပုဂ္ဂလိကဝန်ထမ်းများနှင့်အစိုးရဝန်ထမ်းများအား တားမြစ်မှုများရှိနေကြောင်း ရန်ကုန်ဝန်ထမ်းအသိုင်းအဝိုင်းကပြောသည်။ **(KIC 010910)** Read More…
- ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် **(UMFCCI)** မှ ဥက္ကဋ္ဌ ဦးဝင်းမြင့် အပါအဝင် ကုန်သည်ကြီးအချို့က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ်များအဖြစ် ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးချယ်ခံမည်ဟု ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြောသည်။ **(BBC 020910)** Read More...
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှလွဲ၍ ကျန်သည့်ပါတီများ ကိုယ်စားလှယ်လောင်းအမည်စာရင်းများကို မတင်သွင်းနိုင်ခဲ့လျှင် မဲဆန္ဒနယ်မြေအများစုမှာ **USDP** မဲဆန္ဒနယ်မြေများဖြစ်သည့်အတွက် **USDP** အား မဲမပေးသော်လည်း အလိုအလျောက်လွှတ်တော်ကိုယ်စားလှယ်များဖြစ်နေသည်ဟု ပြည်ထောင်စုဒီမိုကရေစီပါတီ **UDP** မှ ပြောခွင့်ရပုဂ္ဂိုလ် ကိုသန်းမင်းစိုးကပြောသည်။ **(RFA 020910)** Read More...
- ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မြေအဖြစ် မန္တလေးတိုင်းထဲတွင် ထည့်သွင်းသတ်မှတ်ထားသော နေပြည်တော်မြို့နယ် ၃ ခုဖြစ်သည့် ဥတ္တရသီရိ၊ ဒက္ခိဏသီရိနှင့် ပုဗ္ဗသီရိမြို့နယ်တို့သည် လူတစ်ဦးတစ်ယောက်မှနေထိုင်ခြင်းမရှိဘဲ အိမ်ယာများသာ ဆောက်လုပ်နေဆဲမြို့နယ်ဖြစ်ကြောင်း နေပြည်တော်ဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ဦးကပြောသည်။ **(RFA 020910)** Read More...
- စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဇေကမ္ဘာဦးခင်ရွှေက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး နိုင်ငံရေးထက် လူမှုရေးကို ပိုမိုလုပ်ဆောင်သွားမည်ဟု ပြောကြားလိုက်သည်။ **(DVB 020910)** Read More...
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကိုသာ မဲပေးကြပါရန်နှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို **USDP** ကသာ လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း **USDP** ခေါင်းဆောင် ဦးသိန်းစိန်းက စစ်အစိုးရဝန်ကြီးဌာနများ၊ တက္ကသိုလ်ကောလိပ်များနှင့် တပ်ရင်းတပ်ခွဲများသို့ ညွှန်ကြားစာများပေးပို့လိုက်ကြောင်း နေပြည်တော်ရှိ အစိုးရဝန်ထမ်းတစ်ဦးကပြောသည်။ **(Irrawaddy 020910)** Read More…
- ပြည်ပလက်ဖြောင့်သေနတ်သမားများ မြဝတီ၊ မဲဆောက်လမ်းမှတဆင့် လာရောက်လုပ်ကြံမည်ကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေက စိုးရိမ်နေကြောင်း စစ်ဖက်ဆိုင်ရာ လုံခြုံရေး (စရဖ) အငယ်တန်းအရာရှိတစ်ဦးကပြောသည်။ **(Irrawaddy 020910)** Read More…

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရွေးကောက်ပွဲတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ (တစည) နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** တို့က စစ်အစိုးရသတ်မှတ်ထားသည့် နေပြည်တော်ခရိုင်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိကြောင်း **USDP** ပါတီဝင်များကပြောသည်။ **(Irrawaddy 020910)** **Read More…**
- သျှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းတွင် ပြုလုပ်သောရွေးကောက်ပွဲအကြို လျှို့ဝှက်စစ်တမ်းကောက်ယူချက်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က ရှုံးနိမ့်ခဲ့သောကြောင့် နအဖ စစ်အစိုးရ ထိပ်ပိုင်းခေါင်းဆောင်များအကြားစိုးရိမ်ပူပန်မှုများရှိပြီး ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် နည်းပေါင်းစုံသုံး၍ လုပ်ဆောင်လာနိုင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောသည်။ **(Irrawaddy 020910)** **Read More…**
- သျှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်၊ တာမိုးညဲမြို့နယ်ခွဲရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က လားရှိုးမြို့ရှိ တရုတ်လူမျိုးများအား မှတ်ပုံတင်ပြုလုပ်ပေးပြီး **USDP** ကို မဲပေးထောက်ခံရမည်ဟု ကတိပေးခိုင်းကြောင်း မြို့ခံကုန်သည်တစ်ဦးကပြောသည်။ **(S.H.A.N 020910)** **Read More…**
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က ရန်ကုန်တိုင်း ကော့မှူးမြို့အတွင်းရှိ လယ်သမားများအား လယ်တစ်ဧကလျှင် ကျပ်ငွေ (၁) သောင်းနှုန်းထုတ်ချေးပေးပြီး ကျပ် (၁၀၀) လျှင် အတိုးနှုန်း (၂) ကျပ်ပေးရမည်ဟု ပြောသည့်အပြင် ၎င်းတို့ပါတီအား မဲထည့်ရမည်ဟု ဒေသခံလယ်သမားများကပြောသည်။ **(NEJ 020910)** **Read More…**
- ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** အတွင်းရေးမှူး ဦးရွှေလှအောင်သည် ရမ်းဗြဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၇ စုသို့ သွားရောက်ပြီး ရွေးကောက်ပွဲတွင် တစ်ရွာလျှင် အနည်းဆုံး ၆၀ ရာခိုင်နှုန်းမဲရရှိရေးအတွက် လုပ်ပေးရမည်ဟု ကျေးရွာဥက္ကဋ္ဌများကိုပြောဆိုပြီး မလုပ်ပေးနိုင်ပါက ဥက္ကဋ္ဌ ရာထူးမှ နုတ်ထွက်ရန် ပြောကြားခဲ့သည်ဟု ရယက ဥက္ကဋ္ဌ တစ်ဦးက ပြောသည်။ **(Narinjara 020910)** **Read More…**
- ဗန်းမော်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အနိုင်ရရေးအတွက် မဲ ၁၀၀ ရာခိုင်နှုန်းထည့်ပေးနိုင်ရန် ကျေးရွာဥက္ကဋ္ဌများမှ လုပ်ဆောင်ပေးရမည်ဟု ဩဂုတ်လ ၂၆ ရက်နေ့တွင် စစ်စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ဝန်ခံကတိတောင်းယူခဲ့ကြောင်း ဒေသအုပ်ချုပ်ရေးအဖွဲ့ဝင်များကပြောသည်။ **(S.H.A.N 020910)** **Read More…**
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က ချင်းပြည်နယ် ဖလမ်းမြို့နယ်တွင် မဲအရေ အတွက်သိရှိလိုသဖြင့် ပါတီဝင်များထံမှ ကြိုတင်မဲစာရင်းကောက်ယူမှုများ ပြုလုပ်နေသည်ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တစ်ဦးကပြောသည်။ **(Khonumthung 020910)** **Read More…**
- စစ်ကိုင်းတိုင်းအထက်ပိုင်း ဟုမ္မလင်းမြို့ အခြေစိုက် ခလရ ၂၂၂ မှ ဗိုလ်ဇော်ဇော်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည)မှ ခေါင်းဆောင် (၅) ဦးအား ဩဂုတ်လ ၁၈ ရက်နေ့တွင် ဖမ်းဆီးပြီး တရားရုံးတွင်စစ်ဆေးမှုများ မပြုလုပ်ပဲ ခန္တီးထောင်တွင် ထောင်ဒဏ် ၃ နှစ်စီချမှတ်လိုက်သည်ဟု နာဂလူ့အခွင့်အရေးလုပ်ဆောင်နေသည့် ကိုမိုးကြည်ကပြောသည်။ **(RFA 030910)** **Read More...**
- တရုတ်နယ်စပ်ရှိ အပစ်ရပ် ၀ တပ်ဖွဲ့နှင့် မိုင်းလားတပ်ဖွဲ့တို့ထိန်းချုပ်နယ်မြေများအတွင်း တာဝန်ထမ်းဆောင်နေသည့် နအဖ စစ်တပ်နှင့် ဝန်ထမ်းများအားလုံးကို စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ပြန်လည်ခေါ်ယူနေကြောင်းငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီတပ်ပေါင်းစု **PDF** မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ **(S.H.A.N 030910)** **Read More…**, **DVB...**
- အာဏာပိုင်များက နိုင်ငံရေးပါတီများကို စည်းရုံးရေးအတွက် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများအား အသုံးမပြုရဟု တားမြစ်ထားသော်လည်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ အများပြည်သူပိုင် အဆောက်အအုံများကို အသုံးပြု၍ နေ့ရောညပါ မဲဆွယ်စည်းရုံးရေး လုပ်ငန်းများ လုပ်ဆောင်နေကြောင်း ဒေသခံများက ပြောသည်။ **(Irrawaddy 030910)** **Read More…**
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က ဓာတ်မြေသြဇာကုမ္ပဏီတစ်ခုနှင့်ပေါင်းပြီး စစ်ကိုင်းတိုင်း ကလေးမြို့နှင့် ကလေးဝမြို့နယ်များမှ လယ်သမားများကို ငွေထုတ်ချေး၍ ၄င်းဓါတ်မြေသြဇာများအား ဈေးနှုန်းကြီးကြီးဖြင့် အတင်းအဓမ္မပြန်လည်ရောင်းချနေကြောင်း ဒေသခံလယ်သမားများကပြောသည်။ **(RFA 040910)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က "နအဖ၏ စစ်တပ်ခေါင်း ဆောင်သစ်များ ပြောင်းလဲမှုသည် မည်သို့မျှအကျိုးမရှိသည့်အပြင် ကုလားအုတ် ခါးရိုးကျိုးမည့် အနေအထားရောက်နေသည်"ဟု ပြောဆိုလိုက်သည်။ **(BBC 300810)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** တာဝန်ရှိသူများသည် ပဲခူးတိုင်း မြို့နယ် ၄ မြို့နယ်မှ အဖွဲ့ချုပ်တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရွေးကောက်ပွဲတွင် မဲမပေးလိုပါက နေနိုင်ခွင့်ရှိကြောင်း၊ ဦးဉာဏ်ဝင်းက ရွေးကောက်ပွဲဥပဒေပါ အချက်အလက်များနှင့်တကွ ရှင်းပြခဲ့သည်ဟု တောင်ငူမြို့နယ် **NLD** မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း ဦးအောင်စိုးမြင့်က ပြောသည်။ **(Irrawaddy 300810)** **Read More…**
- မကွေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူငယ်အဖွဲ့ဝင်များက ဒေသအတွင်း ကျေးရွာများရှိ လူထုကိုရွေးကောက်ပွဲနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားနှင့်အမှာစကားများကို လှုပ်ရှားမှုတစ်ခုအ နေဖြင့်လိုက်လံရှင်းပြနေသည်ဟု **NLD** လူငယ် ကိုနေမျိုးကျော်က ပြောသည်။ **(RFA 310810)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက စည်းရုံးရေးခရီးစဉ်အဖြစ် ဧရာဝတီတိုင်း ပန်းတနော်မြို့ကိုရောက်ရှိနေစဉ် "စည်းရုံးရေးဆင်းတဲ့ရည်ရွယ်ချက်က အရင်တုန်းက စုစည်းပြီးသားရှိတဲ့ မြို့နယ်အဖွဲ့ဝင်အားလုံး ပြန်လည် စုစည်းပြီးတော့ ကျစ်လစ်သိပ်သည်းစွာနဲ့ ပြန်လည်စည်းရုံးဆောင်ရွက်ဖို့ဖြစ်ပါတယ်။ အဲ့ဒီရည်ရွယ်ချက်ဆောင်ရွက်ချက်တွေက အခုကျနော်တို့ ထင်ထားတာထက် ပိုအားရစရာကောင်းတယ်လို့မြင်နေပါတယ်။" ဟု ပြောကြားလိုက်သည်။ **(DVB 310810)** **Read More...**
- မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** သည် အရှေ့တောင်မြို့နယ်အဖွဲ့ချုပ် စည်းရုံးရေးအဖွဲ့များနှင့် စက်တင်ဘာလ ၁ ရက်နေ့က တွေ့ဆုံခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်၏ မှာကြားချက်များနှင့် အဖွဲ့ချုပ်သဘောထား များကို ပြည်သူလူထုအား ချပြရှင်းလင်းပေးရန် ပြောကြားခဲ့ကြောင်း တိုင်းစည်းအဖွဲ့ဝင် ဦးမျိုးနိုင်ကပြောသည်။ **(DVB 010910)** **Read More...**
- [illegible] (NLD) [illegible] NLD ဒု-ဥက္ကဋ္ဌ ဦးတင်ဦးကေ ဟာသည်။ **(Irrawaddy 010910)** **Read More…**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** မှ ရွေးကောက်ပွဲဆန့်ကျင်ရေးဆိုင်ရာ လှုပ်ရှားမှုများအား လုပ်ဆောင်နေပြီး ဦးတင်ဦးနှင့်အဖွဲ့သည် ပုသိမ်မြို့ "တိုက်ကြီး ဘုန်းကြီးကျောင်း" အနီး စိုက်ထူထားသည့် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ကို အလေးပြုကြပြီး မပြီးပြတ်သေးသည့် လွတ်လပ်ရေးတိုက်ပွဲကို ဆက်လက်ဆင်နွှဲမည့်အကြောင်း အဓိဋ္ဌာန်ပြုခဲ့ကြသည်ဟု ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ **(Mizzima 010910)** **Read More…**
- ရန်ကုန်တိုင်း ဒလမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** အတွင်းရေးမှူး ဦးထွန်းရင်သည် ရွေးကောက်ပွဲတွင် မဲမပေးဘဲ နေနိုင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ ပြောဆိုချက်ပါ စာရွက်များဖြန့်ဝေမှုဖြင့် စက်တင်ဘာလ ၁ ရက်နေ့က ခေတ္တဖမ်းဆီးထိန်းသိမ်းခံခဲ့ရကြောင်း ဇနီးဖြစ်သူကပြောသည်။ **(Mizzima 020910)** **Read More…**
- ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ **(CRPP)** က တိုင်းရင်းသားများအပါအဝင် ပြည်သူများလက်မခံသည့် ၂၀၀၈ ဖွဲ့စည်းပုံကို အတည်ဖြစ်စေမည့် ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ရန် စက်တင်ဘာလ ၃ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်လိုက်ပြီး ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ **(VOA 030910)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- နယ်ခြားစောင့်တပ် ဖွဲ့စည်းရေး အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အပစ်ရပ်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် စစ်အစိုးရအကြား တင်းမာနေသည့်အခြေအနေကို စိုးရိမ်မိကြောင်း ဒေါ်အောင်ဆန်းစုကြည်က စက်တင်ဘာလ ၄ ရက်နေ့တွင် ပြောကြားခဲ့သည်ဟု ရှေ့နေဦးဥာဏ်ဝင်းက ပြောသည်။ **(RFA 040910)** **Read More...**, **VOA...**

## (ခ) နယ်စပ်အခြေစိုက်အင်အားစုများ

- ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပြောခွင့်ရပုဂ္ဂိုလ် ရဲဘော်ဖိုးသံချောင်းက နအဖစစ်အစိုးရ၏ ထိပ်ပိုင်းတပ်တွင်း ရာထူးအရွှေ့ အပြောင်းများနှင့်ပတ်သက်၍ စစ်အုပ်စုသည် အာဏာကိုအလွယ်တကူ စွန့်လွှတ်မည်မဟုတ်ပဲ ရွေးကောက်ပွဲအပြီး အာဏာကိုဆက်လက်ထိန်းချုပ်သွားမည်ဖြစ်ကြောင်းနှင့် အသွင်ပြောင်းရေးကို သူဌေးဖြစ် ခွေးဖြစ်လုပ်ခြင်းဖြစ်ကြောင်း ဝေဖန်ပြောဆိုလိုက် သည်။ **(BBC 290810)** **Read More...**
- ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ **NCUB** ၏ နဝမအကြိမ်မြောက် ညီလာခံတွင် စစ်အာဏာရှင်စနစ်နှင့် စစ်အုပ်စုဖြုတ်ချရေးတိုက်ပွဲနှင့်အတူ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ၁၉၉၀ပြည့် ရွေးကောက်ပွဲရလဒ်ကို အခြေခံသော ပြည်သူ့ကြားဖြတ် အစိုးရတစ်ရပ်ပေါ်ထွန်းရေးကို ဦးတည်သည့် မဟာဗျူဟာလုပ်ငန်းစဉ် (၁၃) ရပ်ကို တညီတညွတ်တည်း သဘောတူချမှတ်ခဲ့သည်ဟု အတွင်းရေးမှူး (၁) ဦးအောင်မိုးဇော်ကပြောသည်။ **(KIC 020910)** **Read More…**

## အပစ်ရပ်အဖွဲ့အစည်းများ

### နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- ကချင်လွတ်မြောက်ရေးအဖွဲ့ **KIO** ၏ ဆေးပေးခန်းအတွက် ကျပ် ၁၆ သိန်းခန့် တန်ဖိုးရှိ ဆေးဝါးများကိုသယ် ဆောင်လာစဉ် မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ပေါ်ရှိ ကုသုစက်လှေဆိပ်အရောက်တွင် နအဖ စစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အမှတ် (၁) ရဲစခန်းမှ တပ်ဖွဲ့ဝင် ၇ ဦးက ဖမ်းဆီးလိုက်သည်ဟု စက်လှေသမားတစ်ဦးကပြောသည်။ **(Mizzima 300810)** **Read More…**
- မိုင်းတုံ–မိုင်းဆတ်မြို့နယ် ထိုင်းနယ်စပ်တစ်လျှောက် အခြေစိုက်သော တောင်ပိုင်း **UWSA** ဝ တပ်ဖွဲ့စစ်ဒေသအမှတ် ၁၇၁ လက်အောက်ခံတပ်များအားလုံး မြောက်ပိုင်း ဝ နယ်သို့တပ်ရုပ်မပြန်လျှင် ထိုးစစ်ဆင်မည်ဟု နအဖ မိုင်းဆတ် ဒကစ မှူးက ခြိမ်းခြောက်ထားသည်ဟု မိုင်းတုံဒေသခံတစ်ဦးက ပြောသည်။ **(S.H.A.N 300810)** **Read More…**
- ကချင်လွတ်မြောက်ရေးအဖွဲ့ **KIO** က နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စကို လုံးဝလက်မခံကြောင်း စက်တင်ဘာ ၁ ရက် နေ့တွင် အပြီးသတ်ငြင်းဆန်လိုက်ပြီး နောက်တက်လာမည့်အစိုးရအဖွဲ့နှင့် ဆက်လက်ဆွေးနွေးသွားမည်ဟု **KIO** မှ ဒုတိယ နိုင်ငံခြားရေးတာဝန်ခံ ဗိုလ်မှူးကြီးဂျိမ်းစ်လွမ်းဒေါင်ကပြောသည်။ **(Irrawaddy 010910)** **Read More…**, **S.H.A.N**
- ဗိုလ်ချုပ်စောထိန်မောင် ဦးဆောင်သည့် **KNU – KNLA** ကရင်ငြိမ်းချမ်းရေးကောင်စီအဖွဲ့က နအဖ နောက်ဆုံးသတ်မှတ်ရက်ကို လုံးဝလက်မခံနိုင်ကြောင်း အဖွဲ့၏အရေးပေါ် အစည်းအဝေးအပြီး ဉက္ကဌ ဗိုလ်ချုပ်စောထိန်မောင်က မော်လမြိုင်အခြေစိုက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးထံသို့ အကြောင်းပြန်ကြားလိုက်ကြောင်း တပ်မှူးတဦးက ပြောသည်။ **(NEJ 010910)** **Read More…**
- စက်တင်ဘာ ၁ ရက်နေ့နောက်ဆုံးထား၍ တောင်ပိုင်းဝ တပ်ဖွဲ့ဝင်များအားလုံး မြောက်ပိုင်း ‘ဝ’ ပြည်သွေးစည်း ညီညွတ်ရေးတပ်မတော် **UWSA** နယ် မြေသို့ တပ်ပြန်ရုပ်ရမည်ဟု နအဖဖက်မှခြိမ်းခြောက်ထားသောကြောင့် တောင်ပိုင်း ‘ဝ’ တပ်ဖွဲ့များက စတင်လုပ်ရှားနေ ပြီဖြစ်ကြောင်း ဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 010910)** **Read More…**
- နယ်ခြားစောင့်တပ်လက်မခံသည့်အတွက် ဗိုလ်ချုပ်ထိန်မောင် ဦးဆောင်သည့် ကရင့် ငြိမ်းချမ်းရေးကောင်စီ **KNU/ KNLA** ထိန်းချုပ်ရာ နယ်မြေများတွင် နအဖတပ်အင်အားများ တိုးချဲ့နေပြီး ၄င်းတို့၏ လုပ်ပိုင်ခွင့်များ ကိုလည်း

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဖြတ်လေးဖြတ်ပုံစံ အလုံးစုံပိတ်ပင်လိုက်သည်ဟု **KNU/KNLA** အဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ် ဒေါက်တာတီမိုသီကပြောသည်။ **(DVB 020910)** Read More...

- မွန်ပြည်သစ်ပါတီ **NMSP** ကို နယ်ခြားစောင့်တပ် မဖွဲ့စည်းပါက တရားမဝင် အဖွဲ့အစည်းအဖြစ် ကြေညာပြီး နဂိုမူလ လက်နက်ကိုင် သောင်းကျန်းသူအဖြစ် ပြန်လည်သတ်မှတ်မည်ဟု စစ်အစိုးရ ဒု–ဗိုလ်ချုပ်ကြီးရဲမြင့်၏ စာပေးပို့အကြောင်းကြားမှုကို လက်မခံနိုင်ကြောင်း စက်တင်ဘာလ ၁ ရက်နေ့က အကြောင်းပြန်ခဲ့သည်ဟု အဖွဲ့ပြောခွင့်ရပုဂ္ဂိုလ် နိုင်ဟံသာဗွန်ခိုင်းကပြောသည်။ **(Irrawaddy 020910)** Read More…, NEJ...
- စစ်အစိုးရ၏ နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကို ထပ်မံငြင်းဆန်ပြီးနောက် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **UWSA** က ဝမြို့တော် ပန်းဆန်းတွင် လုံခြုံရေးတိုးမြှင့် ချထားသည်ဟု ပန်းဆန်းဒေသခံတဦးကပြောသည်။ **(VOA 030910)** Read More...
- ဗိုလ်မှူးချုပ် စောလဘွယ် (ခေါ် ) နှုတ်ခမ်းမွေး ဦးဆောင်သော တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် **DKBA** တပ်မဟာ ၅ အဖွဲ့အား စက်တင်ဘာလ ၁ ရက်နေ့တွင် နယ်ခြားစောင့်တပ်အသွင် ပြောင်းလဲဖွဲ့စည်းရန် ဒု–ဗိုလ်ချုပ် ကြီးရဲမြင့်နှင့် ဆရာတော်ဦးသုဇနကိုယ်တိုင် လာရောက်ဆွေးနွေးခဲ့သော်လည်း ဗိုလ်မှူးချုပ် စောလားဘွယ် (ခေါ်) နှုတ်ခမ်းမွေးအဖွဲ့က လုံးဝလက်မခံခဲ့ကြောင်း တပ်မဟာ ၅ ထိပ်တန်းအရာရှိတစ်ဦးကပြောသည်။ **(NMG 030910)** Read More …
- ကချင်ပြည်နယ် တရုတ်–မြန်မာနယ်စပ် **KIO** မြို့တော်လိုင်ဇာ၊ **Myu Lawt Wunli Lu** ခန်းမတွင် စက်တင်ဘာ ၁ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော သတင်းစားရှင်းလင်းပွဲ၌ ပထမအကြိမ် ပါတီကွန်ကရက်မှ ချမှတ်ခဲ့သော **KIO** ၏ နိုင်ငံရေးရှေ့လမ်းစဉ်သစ်အား ဒု–ဗိုလ်ချုပ်ကြီး အင်ဘန်လအောင်က ရှင်းပြခဲ့သည်ဟု မြို့ခံတစ်ဦးကပြောသည်။ **(KNG 030910)** Read More…

နယ်ခြားစောင့်တပ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- လားရှိုးစစ်တိုင်းမှူးသစ် ဗိုလ်မှူးချုပ်အောင်ကျော်ဇောက စစ်တိုင်းမှူးတာဝန် စတင်ယူသည့် ဩဂုတ်လ ၂၇ ရက်နေ့တွင် သျှမ်းပြည်တပ်မတော် (မြောက်ပိုင်း) **SSA - N** အဖွဲ့ လက်အောက်ခံ တပ်မဟာ ၇ နှင့် ၃ တဖြစ်လဲ ပြည်သူ့စစ်အဖွဲ့များအား စက်တင်ဘာလ ၁ ရက်နေ့တွင် အားလုံးလက်နက်ချက်ရမည်ဟု ညွှန်ကြားလိုက်ကြောင်း ၎င်းအဖွဲ့နှင့် နီးစပ်သူတဦးက ပြောသည်။ **(S.H.A.N 300810)** Read More …
- လော–မြန်မာနယ်စပ်ရှိ မြန်မာစစ်အစိုးရ၏ ခြေမြန်တပ်ရင်း ခမရ ၅၇၁ နှင့် ၅၇၂ တို့ လှုပ်ရှားရာဒေသများတွင် ဒေသခံလားဟူပြည်သူ့စစ် အဖွဲ့တစ်ခုဖြစ်သည့် နယ်ခြားစောင့် တပ်ရင်းနံပါတ် ၁၀၀၉ နှင့် ဩဂုတ်လ (၂၈) ရက်နေ့ ကအစားထိုးလိုက်သည်ဟု ဒေသခံတစ်ဦးက ပြောသည်။ **(NMG 310910)** Read More…

နိုင်ငံရေးပါတီတည်ထောင်ခွင့်ရပြီးသောပါတီများ

- ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီအချို့သည် မဲဆန္ဒနယ်မြေခွဲဝေမှုနှင့်ပတ်သက်ပြီး အမြင်ကွဲပြားမှုများ ရှိနေကြောင်း မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ အတွင်းရေးမှူး ဦးနေမျိုးဝေကပြောသည်။ **(DVB 290810)** Read More...
- ရွေးကောက်ပွဲကော်မရှင်၏ အချိန်ကန့်သတ်မှုကြောင့် တိုင်းပြည်၏ အနာဂတ်ကိုပုံဖော်မည့်ကိုယ်စားလှယ်များ အနေဖြင့် အခက်အခဲများစွာဖြစ်ပေါ်စေကြောင်း အမျိုးသားဒီမိုကရက်တစ်အင်းအားစု **NDF** ဥက္ကဌ ဒေါက်တာသန်းငြိမ်းကပြောသည်။ **(RFA 290810)** Read More...
- ရွေးကာက်ပွဲကော်မရှင်၏ ကန့်သတ်ချက်များကြောင့် မျှော်မှန်းထားသည့် ကိုယ်စားလှယ်အရေအတွက်ထက် လျော့နည်းခဲ့ကြသည့် ပါတီများဖြစ်ကြသော အမျိုးသားဒီမိုကရက်တစ်အင်းအားစု **NDF** မှ လွှတ်တော်ကိုယ်စား လှယ်

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



၁၅၀ ဦး၊ ဒီမိုကရက်တစ်ပါတီ(မြန်မာပြည်) မှ ၆၀ ဦးနှင့် ပြည်ထောင်စုဒီမိုကရေစီပါတီ **UDP** မှ ၃ ဦးတို့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု ပါတီခေါင်းဆောင်များက ပြောသည်။ **(VOA 290810)** Read More...

- ပြည်ထောင်စု ကြံ့ခိုင်ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** မူဝါဒများသည် ကရင်ပြည်သူ့ပါတီ **KPP** အတွက် လက်မခံနိုင်စရာမရှိကြောင်းနှင့် ပြိုင်ဘက်ပါတီလည်းမဟုတ်ကြောင်း **KPP** ဥက္ကဋ္ဌ ဦးထွန်းအောင်မြင့်ကပြောသည်။ **(Mizzima 300810)** Read More…
- ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **RNPP**မှ ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်အမတ်များ အမည်စာရင်းတွင် ဆရာဦးမောင်ညိုက ပြည်သူ့လွှတ်တော်၊ ဒေါက်တာအေးမောင် က အမျိုးသားလွှတ်တော်၊ ဆရာသာလူချေက ပြည်နယ်လွှတ်တော်နှင့် ဦးအောင်မြကျော် ကပြည်နယ်လွှတ်တော် တို့ဖြစ်ကြသည်။ **(Mizzima 310810)** Read More…
- သျှမ်းတိုင်းရင်းသား ဒီမိုကရက်တစ်ပါတီ **SNDP** သည် ရွေးကောက် ပွဲကော်မရှင်၏ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း အချိန်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၆၃ဦး၏ အမည်စာရင်းကို ဩဂုတ်လ ၃၀ ရက်နေ့တွင် တင်သွင်းနိုင်ခဲ့ကြောင်း **SNDP** ပါတီဝင်တစ်ဦးကပြောသည်။ **(S.H.A.N 310810)** Read More…
- ဦးအောင်ခမ်းထီ ဦးဆောင်သည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် **PNO** သည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** အောင်နိုင်ရေးအတွက် ပံ့ပိုးမဲဆွယ်စည်းရုံးသွားမည်ဟု **PNO** အကြီးအကဲများဆိုင်ရာပုဂ္ဂိုလ် အဖွဲ့အစည်းများကို ညွှန်ကြားထားသည်ဟု လှိုင်လင်ဒေသခံတစ်ဦးက ပြောသည်။ **(S.H.A.N 310810)** Read More…
- ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ **AMRDP** က အချိန်နှင့်ငွေကြေးအခက်အခဲကြောင့် ရွေးကောက်ပွဲကောင်မရှင်ထံသို့ လွှတ်တော်ကိုယ်စားလှယ်အမတ်လောင်း (၃၅) ဦးသာ စရင်းတင်သွင်းနိုင်ခဲ့ကြောင်း ပါတီ ဥက္ကဋ္ဌ နိုင်ငွေသိန်းကပြောသည်။ **(IMNA 310810)** Read More…
- ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသများတွင် စည်းရုံးရေးဆင်းနေသော ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ **RNPP** အား ဒေသအာဏာပိုင်များမှ လူဦးရေကန့်သတ်ထားသောကြောင်း လူ ၅၀ ဦးခန့်သာဆန့်သည့် ဒွေးဝင်းသန်း ဗွီဒီယို ရုံတွင် စည်းရုံးရေးလုပ်ခဲ့ရသည်ဟု ဒေသခံလူငယ်တစ်ဦးကပြောသည်။ **(Narinjara 310810)** Read More…
- ချင်းတိုးတက်ရေးပါတီ **CPP** က ချင်းပြည်နယ် ဖလမ်းမြို့နယ် အမတ်လောင်းအဖြစ် လျာထားသည့်အငြိမ်းစား ခရစ်ယာန်သိက္ခာတော်ရ ဦးဆန်ကျုံးအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပါဝင်ယှဉ်ပြိုင်ခွင့်မပြုခဲ့ကြောင်း ဖလမ်းမြို့ **CPP** ဒု ဥက္ကဋ္ဌ ဦးနော့ထန်းက ပြောသည်။ **(Khonumthung 310810)** Read More…
- အမျိုးသား ဒီမိုကရေစီအင်အားစု **(NDF)**၊ ရခိုင်တိုင်းရင်းသား တိုးတက်ရေးပါတီနှင့် ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) တို့က လွှတ်တော်ကိုယ်စားလှယ်အရေအတွက် နည်းပါးသော်လည်း လွှတ်တော်များတွင် အဓိကအတိုက်အခံအဖြစ် ရပ်တည်ယှဉ်ပြိုင်သွားမည်ဟု ပါတီခေါင်းဆောင်များက ပြောသည်။ **(VOA 010910)** Read More...
- ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်နေကြသည့် တိုင်းရင်းသားနိုင်ငံရေးပါတီများအနေဖြင့် ၎င်းတို့ဒေသများ၌ သေချာအနိုင်ရသွားမည်ဟု ယုံကြည်စိတ်ချရကြောင်း တိုင်းရင်းသားပါတီများမှ ခေါင်းဆောင်များကပြောသည်။ **(Irrawaddy 010910)** Read More…
- မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ **MNSDP** သည် ငွေကြေးအခက်အခဲများရှိသောကြောင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်တော့ကြောင်း ပါတီအတွင်းရေးမှူးချုပ် ဦးသိန်းထွန်းကပြောသည်။ **(NEJ 020910)** Read More…
- ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ **PSDP** မှ အမျိုးသမီး ဥက္ကဋ္ဌ နန်းစေအွာက ဖားအံမြို့၊ နော်လာခူက သံတောင်မြို့၊ နော်ယုဇနဝါကကော့ကရိတ်မြို့နှင့်နန်းတင်တင်နွယ်ကကျိုက်မရောမြို့နယ်တို့တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အဖြစ် ဝင်ရောက်အရွေးခံမည်ဖြစ်ကြောင်း အမျိုးသမီး ဥက္ကဋ္ဌ နန်းစေအွာက ပြောသည်။ **(KIC 020910)** Read More…
- မကွေးတိုင်း ရေနံချောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ကိုယ်စားလှယ်လောင်း ဦးစိုးလွင်သည် ကိုယ်စားလှယ်အမည်တင်သွင်းပြီးမှ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်မခံနိုင်သဖြင့် နုတ်ထွက်သွားကြောင်း ရေနံချောင်းမြို့နယ် **NDF** အဖွဲ့မှ နုတ်ထွက်ခဲ့ပြီးသူ ဦးကျော်ဆန်းဦးက ပြောသည်။ **(RFA 030910)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရွေးကောက်ပွဲတွင် ချင်းတိုးတက်ရေးပါတီ **CPP** သည် ငွေကြေးအခက်အခဲရှိသောကြောင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၄၁ ဦးသာ ရွေးကောက်ပွဲကော်မရှင်ထံ အချိန်မီတင်သွင်းနိုင်ခဲ့ကြောင်း ပါတီဥက္ကဋ္ဌ ပူးနိုးထန်ကပ်က အတည်ပြုပြောကြားသည်။ **(Khonumthung 030910)** **Read More…**
- ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ် **UKL** နှင့် မြန်မာဒီမိုကရေစီကွန်ဂရက်ပါတီ **MDC** တို့သည် ငွေရေးကြေးရေးအခက်အခဲနှင့် ကိုယ်စားလှယ်လောင်းအမည်စာရင်းများ မတင်သွင်းနိုင်ခဲ့မှုကြောင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်တော့မည်အဟုတ်ကြောင်း ပါတီခေါင်းဆောင်များကပြောသည်။ **(NEJ 030910)** **Read More…**
- ရွေးကောက်ပွဲတွင် ကမန်အမျိုးသား တိုးတက်ရေးပါတီ **KNPP** က ကိုယ်စားလှယ်လောင်း ၆ ဦးဖြင့် ရခိုင်ပြည်နယ် စစ်တွေ၊ ရမ်းဗြဲနှင့် သံတွဲမြို့နယ်တို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ပါတီ ဥက္ကဋ္ဌ ဦးဇော်ဝင်းကပြောသည်။ **(Narinjara 040910)** **Read More…**

လွှတ်တော်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုးစားနေသည့်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ

- ရန်ကုန် မြောက်ဥက္ကလာမြို့နယ်မှ တသီးပုဂ္ဂလအမတ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် ဦးဘတင့်ဆွေက စည်းရုံးရေးဆင်းရာတွင် ဒေသခံများအနေဖြင့် စိုးရိမ်းကြောင့်ကြမှုနည်းပါးပြီး ကူညီထောက်ခံမှုများရရှိသည်ဟုပြောသည်။ **(DVB 310810)** **Read More...**
- ကချင်ပြည်နယ် တိုးတက်ရေးပါတီ **KSPP** ထူထောင်ခွင့် မရသေးသည့်အတွက် ဥက္ကဋ္ဌ ဒေါက်တာတူးဂျာ အပါအဝင် ပါတီခေါင်းဆောင် ၁၄ ဦးသည် မြစ်ကြီးနား၊ ဆွမ်ပရာဘွမ်မြို့နယ် ၃ နေရာ၊ အင်ဂျန်းယန်မြို့နယ် ၃ နေရာ၊ ဝိုင်းမော်မြို့နယ်တွင် ၄ နေရာနှင့် ချီဖွေ၊ မိုးမောက်၊ မန်စီ စသည့် မြို့နယ်များမှ မဲဆန္ဒနယ် ၁၄ ခု ၌ တသီးပုဂ္ဂလ အနေဖြင့် ဝင်ပြိုင်ဖြစ်မည်ဟု ရည်ရွယ်ထားကြောင်း ပါတီအတွင်းရေးမှူး ဦးတူရော်ကပြောသည်။ **(Mizzima 010910)** **Read More…**

ပြည်သူနှင့် လူထုအခြေပြုအဖွဲ့အစည်းများ

- မြန်မာစစ်အစိုးရ၏ စစ်ဗိုလ်ချုပ်များကို ရာထူးက နုတ်ထွက်ခိုင်းပြီး အရပ်သားအနေဖြင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** တွင် ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်လိုက်ခြင်းသည် စစ်အစိုးရ၏ အနာဂတ်နိုင်ငံရေး ရည်မှန်းချက်များကို ရှင်းရှင်းလင်းလင်း ပြသလိုက်ခြင်းဖြစ်သည်ဟု ရန်ကုန်မြို့ရှိ နိုင်ငံရေးလေ့လာသူ များကပြောသည်။ **(RFA 010910)** **Read More...**
- နိုင်ငံရေးပါတီများနှင့် တသီးပုဂ္ဂလများ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းသည့်ရက်ကုန်ဆုံးပြီးဖြစ်သဖြင့် ရွေးကောက်ပွဲ အနိုင်အရှုံးကိုပင် ခန့်မှန်းနိုင် ပြီးဖြစ်ကြောင်း ရန်ကုန်မြို့မှရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကပြောသည်။ **(NEJ 010910)** **Read More…**

ဘာသာရေးအသင်းအဖွဲ့များ

- အထက်မြန်မာပြည် သောသုဇနဘိက္ခု သံဃာ့အဖွဲ့က ပခုက္ကူ သံဃာ့အရေးအခင်း ၃ နှစ်ပြည့်ချိန်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှ ရွေးကောက်ပွဲအနိုင်မရရှိရေးအတွက် အကြမ်းမဖက်သောနည်း မျိုးစုံဖြင့် ဆန့်ကျင်ကန့် ကွက်သွားကြပါရန် ကြေညာချက်ထုတ်ပြန် တိုက်တွန်းလိုက်သည်။ **(VOA 030910)** **Read More...**

နိုင်ငံတကာရောက် မြန်မာပညာရှင်များနှင့်မြန်မာနိုင်ငံသားများ

- နအဖစစ်အစိုးရ၏ စက်တင်ဘာလ ၁ ရက်နေ့နောက်ဆုံးထား နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကို လက်မခံသော ငြိမ်းအဖွဲ့ ၇ ဖွဲ့အပေါ် စစ်ရေးအရ ခြိမ်းခြောက်မှုများသည် ကိုးကန့်ဒေသပြဿနာထက် ပိုမိုဆိုးရွားသည့်နယ်

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



စပ်ဒေသမတည်ငြိမ်မှုများ ဖြစ်လာနိုင်သည်ဟု တရုတ်–မြန်မာနယ်စပ် စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောက ပြောသည်။ **(DVB 010910) Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- မြန်မာစစ်အစိုးရ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကုလသမဂ္ဂမှ စုံးစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်း စစ်ဆေးရန် အတွက် ကနေဒါအစိုးရမှ ပါဝင်ထောက်ခံပေးရန် ကနေဒါနိုင်ငံ၏ အတိုက်အခံပါတီကြီးဖြစ်သည့် **New Democratic Party** က တောင်းဆိုလိုက်သည်ဟု **NDP** ပါတီခေါင်းဆောင် ဂျက်လေတန် **(Jack Layton)** ကပြောသည်။ **(VOA 310810) Read More...**

### (ခ) အစိုးရများ

- ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် စစ်တပ်အကြီးအကဲ ရာထူးမှ နုတ်ထွက်သည့်တိုင် အာဏာကို ဆက်လက်ထိန်းချုပ် နေသည့်အပြင် ရွေးကောက်ပွဲအပြီး အရပ်ဘက် အုပ်ချုပ်ရေးတွင် ဆက်လက်နေရာယူထားပါက လက်ခံအသိအမှတ် ပြုလိမ့်မည် မဟုတ်ကြောင်း အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် **P. J Crowley** က ပြောသည်။ **(Irrawaddy 310810) Read More…**
- မြန်မာစစ်အစိုးရ ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးရေး ကော်မရှင် တရပ်ဖွဲ့စည်း စစ်ဆေးရန်အတွက် ကနေဒါနိုင်ငံက သဘောတူထောက်ခံလိုက်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဟု ကနေဒါနိုင်ငံခြားရေးဝန်ကြီး **Lawrence Canon** ၏ ပြောခွင့်ရသူ မစ်ကက်သရင်း လူဘီယဲ **(Xatherine Loubier)** က ပြောသည်။ **(VOA 020910) Read More...**

### (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာစစ်တပ်၏ အာဏာကို ဆက်လက်ချုပ်ကိုင်ရန်ရည်ရွယ်ချက်ဖြင့် စစ်ဘက်ခေါင်းဆောင်ပိုင်း အပြောင်း အလဲပြု လုပ်ခြင်းသည် အင်ဒိုနီရှား သမ္မတဟောင်း ဆူဟာတို၏ ပုံစံသစ်ဖြင့် ပြောင်းလဲအုပ်ချုပ်ခဲ့သည့် အနေအထားမျိုးကို လိုက်လုပ်နေခြင်းဖြစ်သည်ဟု **New South Wales** တက္ကသိုလ်မှ စစ်ဘက်ဆိုင်ရာသုတေသီ ကားလ်ဆေယာကပြော သည်။ **(VOA 290810) Read More...**
- မြန်မာစစ်အစိုးရ ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေး ရေးကော်မရှင်တစ် ရပ်ဖွဲ့စည်းရေးကိစ္စကို အမေရိကန်အစိုးရမှ ဦးစီးဆောင်ရွက်ပေးပါရန် နိုင်ငံတကာ လူ့အခွင့်အ ရေးအဖွဲ့ **(Amnesty International)** က တိုက်တွန်းလိုက်ကြောင်း **AI** ဝါရှင်တန်ရုံး ဒါရိုက်တာ **T. I Kumar** က ပြောသည်။ **(VOA 030910) Read More...**

***End of report/ Saturday, September 04, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***